# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်၊ ၂ / ၂၀၂၀
## ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
## ( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာအတွက် Online Application System (OAS) ကိုအသုံးပြုပြီး ၂၈ – ၂ – ၂၀၂၀ ရက်နေ့ နောက်ဆုံး ထား၍ လျှောက်ထားနိုင်ပါသည်။ Online Application System (OAS) ကို အသုံးပြု၍ Online မှလျှောက်ထားရန် အခက်အခဲရှိသူများအနေဖြင့် ယခင်လျှောက်ထားသည့် ပုံစံအတိုင်း လျှောက်လွှာဝယ်ယူ၍ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ ၂၈ – ၂ – ၂၀၂၀ ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ လျှောက်ထား နိုင်ပါသည် –

| ရာထူး | | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| ဌာနစုမှူး(၂)/ | **(အမျိုးသား)** | ၁၀ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ |
| တတိယအတွင်းဝန် | **(အမျိုးသမီး)** | ၁၀ နေရာ | |

၂။ လျှောက်ထားသူသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) **၂၈ – ၂ – ၂၀၂၀ ရက်နေ့တွင်** ပြင်ပပုဂ္ဂိုလ်အသက် ၂၅ နှစ်(မဟာဘွဲ့/ပါရဂူဘွဲ့ ရရှိပြီး သူများနှင့် အခြားဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက အသက် ၃၀ နှစ် )ထက်မကျော်လွန် သူဖြစ်ရမည်၊

( ဂ ) နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းဖြစ်ပါက [ရိုးရိုးဘွဲ့ရရှိပြီးသူ အသက် ၃၅ နှစ်၊ မဟာဘွဲ့/ ပါရဂူဘွဲ့ရရှိပြီးသူ အသက် ၄၀ နှစ် ]ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဃ) ကျန်းမာရေးကောင်းမွန်ပြီးနေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် အင်္ဂလိပ်ဘာသာနှင့် နိုင်ငံခြားဘာသာစကားတစ်ခုခု ကျွမ်းကျင်စွာ တတ်မြောက်သူဖြစ်ပါက ထိုသို့ကျွမ်းကျင်မှုအတွက် ရရှိသောဘွဲ့(သို့မဟုတ်) ဒီပလိုမာလက်မှတ် မိတ္တူကို လျှောက်လွှာတွင် ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာတင်သွင်းလိုသူများအနေဖြင့် နေရာဒေသမရွေး ကုန်ကျစရိတ်သက်သာစွာဖြင့် Online Application System (OAS) ကိုအသုံးပြု၍ အချိန်မီလျှောက်ထားနိုင်စေရန်ရည်ရွယ် စီမံဆောင်ရွက်ထားခြင်းဖြစ်ပြီး အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) လျှောက်ထားသူသည် အွန်လိုင်းလျှောက်လွှာ (Online Application form)တွင် ဖြည့်သွင်းရန် အတွက် ချိတ်ဆက်ဝင်ရောက်ရမည့်လမ်းကြောင်း (oas.ucsb.gov.mm)သို့ ဝင်ရောက်ရပါမည်။လျှောက်ထားမှုပြုလုပ်ရန်အတွက် ကိုယ်ပိုင် e – Mail ကိုအသုံးပြု၍ စနစ်တွင် Account တစ်ခုတည်ဆောက်ရမည်ဖြစ်ပါသည်၊ **[မြန်မာယူနီကုဒ်(ပြည်ထောင်စုစာလုံး Pyidaungsu font ) တစ်မျိုးတည်းကိုသာ အသုံးပြုရပါမည်။]**

(ခ) ဖြည့်သွင်းရမည့်စာမျက်နှာသို့ဝင်ရောက်ပြီးပါက လျှောက်ထားသူသည် လစ်လပ်ရာထူး၊ ဖြေဆိုလိုသည့် စာစစ်ဌာနနှင့်ကိုယ်ရေး အချက်အလက်တို့ကိုမှန်ကန်စွာ ဖြည့်သွင်းပြီး ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ (ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ စာမေးပွဲဝင်ကြေးငွေပေးသွင်းထားသည့် ချလန်ပြေစာ၊ ပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်၊ ဘွဲ့နောက်ဆုံးနှစ်အမှတ်စာရင်း) တို့ကို Scan ဖတ်၍ Attach ပြုလုပ်ပြီး Online Application System (OAS)မှတစ်ဆင့် ပေးပို့ရမည်၊

(ဂ) လျှောက်လွှာနှင့်အတူပူးတွဲပေးပို့သည့် စာရွက်စာတမ်းများ ပြည့်စုံပါက လျှောက်လွှာလက်ခံရရှိကြောင်း လျှောက်ထားသူ၏ e – Mail သို့အကြောင်း ပြန်ကြားပေးပါမည်။

၅။ Online Application System (OAS)ကိုအသုံးပြု၍ လျှောက်လွှာတင်သွင်းရန်အတွက် အခက်အခဲရှိသူများအနေဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ (ရန်ကုန်ရုံးခွဲ)၊အမှတ်(၆၅)၊အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် (သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာဝယ်ယူ၍ ၂၈ – ၂ – ၂၀၂၀ ရက်နေ့ နောက်ဆုံးထားပြီး လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့** ပေးပို့လျှောက်ထားရမည်။

၆။ အွန်လိုင်းလျှောက်လွှာ **(Online Application Form) သို့လျှောက်ထားနည်းနှင့် လျှောက်လွှာဝယ်ယူလျှောက်ထားသူများအနေဖြင့် လျှောက်လွှာတွင်ဖော်ပြရမည့်** အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ဝင်ကြေးငွေ ၅၀၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေစာမေးပွဲစစ်ဆေးခြင်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းတို့အတွက် လေ့လာရန် လိုအပ်ချက်များ နှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၆ - ၈ -၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၂၁၄၃/ ရွေးချယ်ရေး (အဓိက) ၂၀၁၉ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့ကကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက် များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၇။ ကြော်ငြာစာအမှတ်၊၂/၂၀၂၀၊ Online Application System (OAS)စနစ်သို့ ဝင်ရောက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website များဖြစ်သော ucsb.imis.com.mm ၊ www.ucsb.gov.mm ၊ Facebook Page ဖြစ်သော Union Civil Service Board Myanmar နှင့် Myanmar National Web Portal ဖြစ်သော https://www.myanmar.gov.mm တို့တွင်လည်း** ဖော်ပြထားပါသည်။

၈။ **လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်၍ စာမေးပွဲဝင်ကြေးငွေပေးသွင်းထားသော (ချလန်ရက်ကျော်) လျှောက်လွှာများ၊ ဝန်ကြီးဌာနခွင့်ပြုစာမပါရှိသည့် လက်ရှိနိုင်ငံ့ဝန်ထမ်းများ၏ လျှောက်လွှာများ၊ အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူမပါရှိသည့် ပြင်ပပုဂ္ဂိုလ်များ၏လျှောက်လွှာများ၊ စာစစ်ဌာနမပါရှိသည့် လျှောက်လွှာများ၊ အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်ဖော်ပြထားခြင်း မရှိသောလျှောက်လွှာများနှင့် Online မှ လျှောက်လွှာလက်ခံရရှိကြောင်း** e – Mail **ပြန်ကြားထားခြင်းမရှိသူများအား ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။**

၉။ **လက်ရှိနိုင်ငံ့ဝန်ထမ်းများသည် စာမေးပွဲဖြေဆိုခွင့်ရရှိနိုင်ရန်အတွက် oas.ucsb.gov.mm**မှ တစ်ဆင့် အချက်အလက်များ **ပြည့်စုံစွာဖြည့်သွင်းထားသည့်** အွန်လိုင်းလျှောက်လွှာ (Online Application Form)အား **(Download)ရယူခြင်း(သို့မဟုတ်)** Online Application System (OAS)ကိုအသုံးပြု၍ လျှောက်လွှာတင်သွင်းရန်အတွက် အခက်အခဲရှိသည့် **နိုင်ငံ့ဝန်ထမ်းများအနေဖြင့်** လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အဆင့်ဆင့်တင်ပြပြီး ဝန်ကြီးဌာန၏ **ခွင့်ပြုစာကိုလျှောက်လွှာပိတ်ပြီး ရက်သတ္တ(၂)ပတ်အတွင်း နောက်ဆုံးထား၍** ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို **ဓာတ်ပုံအပို(၃)ပုံနှင့်အတူ** ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်သို့ ၂၈ - ၂ -၂၀၂၀ ရက်နေ့နောက်ဆုံးထားပြီးပေးပို့ရမည်ဖြစ်ပါသည်။

၁၀။ Online Application System (OAS)ကို အသုံးပြု၍ လျှောက်ထားသူများသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့်ပြည်ထောင်စုရာထူးဝန်အဖွဲ့(ရန်ကုန်ရုံးခွဲ)၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် (သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ **ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သတ်မှတ်ထားသောလျှောက်လွှာပုံစံကိုဝယ်ယူပြီး ရေးဖြေစာမေးပွဲ ဖြေဆိုရန်အတွက် ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် ပြည့်စုံစွာဖြည့်စွက်ထားသော လျှောက်လွှာပုံစံနှင့်အတူသတ်မှတ် စာရွက်စာတမ်းမိတ္တူများ ပူးတွဲလျက် ပြန်လည်တင်ပြရမည်ဖြစ်ပါသည်။**

၁၁။ **ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့်မော်လမြိုင်မြို့တို့တွင် စာစစ်ဌာန (၅)ခုဖြင့်** တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည့်အတွက် **စာစစ်ဌာန(၅)ခုအနက် မိမိတို့ဖြေဆိုမည့် စာစစ်ဌာန(၁)ခုကို ရွေးချယ်ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကိုဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။**

၁၂။ **ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများအတွက် သက်ဆိုင်ရာ စာစစ်ဌာန အလိုက် ဖြေဆိုရမည့်ကျောင်း၊ စာဖြေခန်းတို့ကို ခုံအမှတ်စာရင်းများယှဉ်တွဲပြီး ၂ – ၆ – ၂၀၂၀ ရက်နေ့မှစ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website ၊ Facebook နှင့် Myanmar National Web Portal တို့တွင် ကြေညာပေးထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၁ – ၆ – ၂၀၂၀ နှင့် ၁၂ – ၆ – ၂၀၂၀ ရက်နေ့တို့တွင် နေပြည်တော်နှင့်စာစစ်ဌာနတည်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ထုတ်ပေးမည်ဖြစ်ပါသည်။**

၁၃။ ရေးဖြေစာမေးပွဲကို **၁၃ – ၆ – ၂၀၂၀**ရက်(စနေနေ့)တွင် ၀၉ : ၀၀ နာရီ မှ ၁၁ : ၀၀ နာရီအထိ မြန်မာစာနှင့် **၁၃:၀၀ နာရီမှ ၁၆:၀၀ နာရီ**အထိ အင်္ဂလိပ်စာဘာသာတို့ကိုလည်းကောင်း၊ **၁၄– ၆–၂၀၂၀** ရက်(တနင်္ဂနွေနေ့)တွင် ၀၉:၀၀ နာရီ မှ ၁၁:၀၀ နာရီအထိ သုတရေးရာဘာသာကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပါသည်။

၁၄။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊၀၆၇–၃၄၀၉၀၅၂၊၀၆၇–၃၄၀၉၄၃၀၊၀၉–၄၂၀၇၀၆၆၀၄၊၀၉–၄၂၀၇၀၆၆၀၅ နှင့် ၀၉–၄၂၀၇၀၆၆၀၆)(သို့မဟုတ်) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။